## ခရစ်တော်သည် နှလုံးသားတံခါးရှေ့ရပ်လျက် ဝင်ရောက်ရန် တောင်းခံလျက်ရှိသည်။

**ခ**ရစ်တော်သည် စိတ်ရှည်ခြင်း၊ ငြိမ်သက်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် သည်းခံခြင်းတို့၏ ပုံရိပ်ပင်ဖြစ်သည်။ သူသည် ချိုးငှက်ကဲ့သို့ နူးညံ့သိမ်မွေ့စွာ လူတို့၏နှလုံးသားကို ရရှိအောင်ကြိုးစားနေသော နူးညံ့ကြင်နာခြင်း၏ ပုံရိပ်ပင်ဖြစ်သည်။ သူကဖွင့်ထားသော လက်ခံစဉ်းစားရန် ဝန်မလေးသော ဆာလောင်မွတ်သိပ်လျက ရှိသော နှလုံးသားများရှိသောနေရာသို့ သွားရောက်သလို နိမ့်ချပြီးကျိုးပဲ့ကြေကွဲ လျက်ရှိသော နှလုံးသားများကိုလည်း လှည့်လည်ရှာဖွေသည်။ သို့သော်လည်း သူသည်ဂုဏ်မာန် မာနတက်ကြွသော သူတို့ကိုဆန့်ကျင်သည်။ သူသည်မိမိတို့အပေါ် အတင်းအဓမ္မမပြုဘဲ ချစ်ခြင်းမေတ္တာပြည့်ဝစွာနှင့် နူးညံ့သိမ်မွေ့စွာ မိမိတို့၏ နှလုံးသားတံခါးဝတွင် စောင့်ဆိုင်းလျက်ရှိသည်။ သူက နှလုံးသားတံခါးကို တွန်းဖွင့်ပြီးဝင်မည်မဟုတ်။ သို့သော်လည်း သင့်အနေနှင့် မိမိနှလုံးသားတံခါးကိုဖွင့်ပြီး သူ့အားအတွင်းသို့ဝင်ဖို့ ဖိတ်ခေါ်ရန် စောင့်စားလျက်ရှိသည်။

သခင်ယေရှုက "ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ အတူစားသောက်မည်။" (ဗျာဒိတ် ၃း၂၀) ဟု ဂတိတော် ထားရှိခဲ့သည်။ သင်၏နှလုံးသားတံခါးကို သခင်ယေရှု အတွက် သင်ဖွင့်ပေးသောအခါ သူအစဉ်သဖြင့် ဝင်ရောက်လာသည်။သူ့အတွက် ပြုလုပ်ထားသော နေရာမှန်သမျှကို သူကဖြည့်ဆည်းလိုသည်။ သင့်အနေနှင့် မိမိနှလုံးကိုသာဖွင့်ပေးလိုက်မည်ဆိုလျှင် သူ၏ဝိညာဉ်တော်၏ ချစ်ခြင်းမေတ္တာသည် စီးဝင်လာပေလိမ့်မည်။

သင်သည် သခင်ယေရှုကို သင်၏ကယ်တင်ရှင်အဖြစ် မလက်ခံရသေးဟုဆိုလျှင် ယခုဤနေရာ၌ပင်လျှင် သူ၏ချစ်ခြင်းမေတ္တာ သူ၏အသက် လွတ်လပ်ခြင်း သမ္မာတရား ငြိမ်သက်ခြင်း ပေါများကြွယ်ဝခြင်းနှင့် ပျော်ရွှင်ချမ်းမြေ့ခြင်းတို့နှင့်အတူ သင်၏နှလုံးသား အတွင်းသို့ ယခုနှင့် နောင်ကာလအစဉ် ဝင်ရောက်ပါရန် တောင်းခံပါ။ "သခင်ယေရှု ကျွန်ုပ်၏ စိတ်နှလုံးအတွင်းသို့ဝင်ရောက်ပါ။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ ကိုယ်တော်နှင့် အခြားသူတို့ကိုချစ်ရန် ကိုယ်တော်၏အကြောင်း အခြားသူတို့ကို ပြောပြရန် ကျွန်ုပ်အားမစတော်မူပါ" ဟု ရိုးစင်းစွာဆုတောင်းပါ။